## ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်ခဲ့သည့် “မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂” ကျင်းပခဲ့မှုမှ ဖော်ထုတ်ချက်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် (Action Plan)

| စဉ် | ဖော်ထုတ်ချက်များ | ဆောင်ရွက်မည့် အချက်များ | ဦးစားပေးမှု | လျာထားသည့် ကာလ | ခန့်မှန်းကုန်ကျစရိတ် | ဦးဆောင်ဆောင်ရွက်သည့်ဌာနများ | အထောက်အကူပြုသည့် ဌာနများ |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| | **စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ (၁၅) ချက်** | | | | | | |
| ၁။ | တိုင်းဒေသကြီး/ပြည်နယ်များအလိုက်ဒေသနှင့် ကိုက်ညီပြီးဈေးကွက်တွင်တောင်သူကြိုက်နှစ်သက်သောမျိုးကောင်းမျိုးသန့်အထွက်ကောင်း စပါးများကို ဆန်စပါးဂေဟစနစ် (Rice Ecosystem)(၇) ခုအလိုက်ဇုန်ခွဲခြား၍ ဂေဟစနစ်တစ်ခုချင်းအတွင်းတွင်ထောက်ခံမျိုး (၅ မျိုးမှ ၁၀မျိုး အထိ)ကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးရန်၊ | ၁.၁။ အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်(၁) အောက်တွင် လုပ်ဆောင်ချက်(၁.၁.၁) အရ “မြန်မာနိုင်ငံတွင် အရည်အသွေးမြင့် ဆန်မျိုးကွဲများ ထုတ်လုပ်နိုင်ရန် မျိုးစပါးများ၏အရည်အသွေး အာမခံချက်ရှိစေရေး” စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊<br>၁.၂။ အဆိုပါ စီမံကိန်းတွင် အရည်အသွေးမြင့် မျိုးစပါး(၇) မျိုး ထုတ်လုပ်ခြင်းနှင့် ၎င်းတို့ | ၁ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊<br>(စိုက်ပျိုးရေးဦးစီးဌာန)<br>(စိုက်ပျိုးရေးသုတေသနဦးစီးဌာန) | မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊<br>မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | ကို ထုတ်လုပ်ရန် အထွက်နှုန်းမြင့် အရည်အသွေးကောင်းသော မျိုးစပါးထုတ်လုပ်ရေး မျိုးသန့်ခြံ ၉ ခုကို သတ်မှတ်စီစဉ်ရန်၊<br>၁.၃။ အရည်အသွေးမြင့် မျိုးစပါး ထုတ်လုပ် ဖြန့်ဖြူးရန်အတွက်ဖက်စပ်(JVs) လုပ်ငန်းများ ဖွဲ့စည်းနိုင်ရေး တွန်းအားပေးရန်၊<br>၁.၄။ ပထမအဆင့်အနေဖြင့် (မျိုးစပါးများ မှတ်ပုံတင်ခြင်း၊ မြေရယူခြင်း၊ အဆောက်အအုံထောက်ပံ့ပေးခြင်း၊ ပစ္စည်းကိရိယာနှင့် နည်းပညာသင်တန်းပေးခြင်း စသည်တို့ကို) ကနဦးအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အသေးစိတ်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲရန်၊ ပြည်တွင်းနှင့်နိုင်ငံခြားစီးပွားရေး လုပ်ငန်းများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကျင်းပရန်၊ | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ၁.၅။ အရည်အသွေးမြင့် မျိုးစပါး ထုတ်လုပ် ဖြန့်ဖြူးသည့် ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရန်နှင့် သင်ကြားလေ့ကျင့်ပေးရန်၊ | | | | | |
| ၂။ | နိုင်ငံတော်၏ ပို့ကုန်မြင့်တင်ရေးအတွက် ဆင်းသုခ၊ နံ့ကောက်၊ ထွန်းပု၊ ငစိန်ရာကျော်၊ ကရင်မ၊ ရက်-၉၀ မျိုး၊ စုစုပေါင်းစပါးမျိုး ၆ မျိုးနှင့် ဈေးကွက်မှတောင်းဆိုသည့် စပါးမျိုးကွဲများကိုပါအထူးဦးစားပေး ထုတ်လုပ်နိုင်ရေးမူဝါဒချမှတ်ရန်၊ | ၂.၁။ ဆင်းသုခ၊ နံ့ကောက်၊ ထွန်းပု၊ ငစိန်ရာကျော်၊ ကရင်မ၊ ရက်-၉၀မျိုး၊ စုစုပေါင်း စပါးမျိုး၆မျိုးနှင့် ဈေးကွက်မှ တောင်းဆိုသည့် စပါးမျိုးကွဲများကို အထူးဦးစားပေးထုတ်လုပ်နိုင်ရေး မူဝါဒ ချမှတ်ဆောင်ရွက်ရန်၊<br>၂.၂။ စပါးမျိုး ၆ မျိုးနှင့် ဈေးကွက်မှ တောင်းဆိုသည့် စပါးမျိုးကွဲများကိုပါ အထူးဦးစားပေး ထုတ်လုပ်ရန်၊<br>၂.၃။ ဆန်စပါး အဓိက ထုတ်လုပ်သည့် တိုင်းဒေသကြီး/ပြည် နယ်များတွင် စံနမူနာပြ စိုက် ကွက်များ ဆောင်ရွက်ရန်၊<br>၂.၄။ လယ်သမားများအတွက် | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စီမံကိန်းဦးစီးဌာန) | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | နည်းပညာသင်တန်း အစီအစဉ်များ ဆောင်ရွက်ပေးရန်၊ | | | | | |
| ၃။ | ပုဂ္ဂလိက မျိုးစေ့လုပ်ငန်းများ၊ ဆန်စပါးအထူးပြုကုမ္ပဏီများကိုကူညီအားပေးနိုင်ရေးနှင့် နိုင်ငံတော်၏ အမျိုးသားမျိုးစေ့ဆိုင်ရာ အဖွဲ့အစည်း (National Seed Institution) ထူထောင်ရေးလုပ်ငန်းများ၊ ချိတ်ဆက်ပူးပေါင်းနိုင်ရန်အတွက် စီမံချက်တစ်ရပ်ကို ရေးဆွဲတင်ပြရန်။ | နိုင်ငံတော်၏ အမျိုးသား မျိုးစေ့ဆိုင်ရာအဖွဲ့အစည်း(National Seed Institution) ထူထောင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် လွယ်ကူအဆင်ပြေမည့် စီမံချက် တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။ | ၁ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့)၊ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ |
| ၄။ | ရပ်ရွာဒေသအခြေပြု မျိုးစေ့ ထုတ်လုပ်မှု (Community Level Seed Production)၊ သဘာဝမြေသြဇာထုတ်လုပ်မှု (Natural Fertilizer Production)တို့ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရန်၊ | ရပ်ရွာဒေသအခြေပြု မျိုး စေ့ ထုတ်လုပ်မှု (Community Level Seed Production)၊ သဘာဝ မြေသြဇာ ထုတ်လုပ်မှု (Natural Fertilizer Production) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ၁ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီးဌာန) | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာ နိုင်ငံ ဆန်စက် လုပ် ငန်း ရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ ဆန်စပါးအထူးပြုကုမ္ပဏီများ၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | တောင်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဓာတ်မြေဩဇာများ ဝယ်ယူရရှိနိုင်ရေး နိုင်ငံတော်မှ ဦးစားပေးစီစဉ်ပေးရန်၊ နိုင်ငံပိုင် ယူရီးယား ဓာတ်မြေဩဇာစက်ရုံများ၏ ထုတ်လုပ်မှုလျော့နည်းချိန်တွင် Nitrogen Fertilizer သက်သက်ဖြန့်ဖြူးခြင်းအစား Potassium, Phosphate မြေဩဇာများနှင့်NPK Bulk Blend ရောနှောထုတ်လုပ်ကာ 15:15:15 NPK စသော ထုတ်လုပ်မှုမျိုးကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုစနစ်ဖြင့်စီစဉ်ဆောင်ရွက်ရန်၊ | ၅.၁။ MoALIမှ ထုတ်ပြန် သော လမ်းညွှန်ချက်များနှင့် အညီ တာဝန်ယူမှုရှိသော အကျိုးတူ လယ်ယာ စိုက်ပျိုးရေး အစီအစဉ်များရေးဆွဲရန်၊<br>၅.၂။ လယ်သမားများကို နည်းပညာဆိုင်ရာ သင်တန်းများပေးခြင်းနှင့် လယ်ယာမြေ စောင့်ကြည့် အကဲဖြတ်ခြင်းစနစ်များ ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး အလေ့အကျင့် ကောင်းများ (GAP) ကို မြှင့်တင်ပေးရန်၊<br>၅.၃။ လယ်သမားများအားအရည်အသွေးပြည့် မျိုးစပါးများနှင့် ဓာတ်မြေဩဇာများကို ပံ့ပိုးပေးရန်၊<br>၅.၄။ ဝယ်သူများ၏ လိုအပ်ချက်များကို လိုက်၍ ထုတ်လုပ်မှုအစီအစဉ်ရေးဆွဲနိုင်ရေး ပံ့ပိုးပေးရန်၊ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ (သမဝါယမဦးစီးဌာန)<br>စွမ်းအင်ဝန်ကြီးဌာန၊ (မြန်မာ့ ရေနံ ဓာတုဗေဒ လုပ်ငန်း)<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (ကုန်သွယ်ရေးဦးစီးဌာန)<br>မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊<br>မြန်မာနိုင်ငံဆန် စပါးစိုက်ပျိုးထုတ်လုပ်သူများ အသင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ | ပုံစံ-၇ ရှိသော လယ်သမားကြီးများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ(၁၀) ကေ အထိသာ စိုက်စရိတ်ထုတ်ပေးသဖြင့် ကျန်ရှိနေသော လယ်ကေများအတွက် ပုဂ္ဂလိကဘဏ်များမှ ချေးငွေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် (၁၀)ကေအထက်ရှိ ပိုင်ဆိုင်သည့် လယ်သမားများအား စိုက်စရိတ် ချေးငွေထုတ် ချေးမည် ဆိုလျှင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ချေးယူထားခြင်းရှိ/မရှိ စိစစ်ဆောင် ရွက်ရန်၊ | လယ်သမားကြီးများအားစိုက်စရိတ်ကို ပုဂ္ဂလိက ဘဏ်များမှ ချေးငွေပေးနိုင်ရေး စီစဉ်ဆောင် ရွက်ရန်။ | ၂ | ကာလ တို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ (မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်) | မြန်မာနိုင်ငံဘဏ်များအသင်း၊ |
| ၇။ | သီးနှံအာမခံစနစ်အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ | သီးနှံအာမခံစနစ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊ | ၂ | ကာလ လတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ (မြန်မာ့အာမခံလုပ်ငန်း) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘဏ်များအသင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈။ | ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ ရခိုင်၊ ကရင်၊ မွန် နှင့် နေပြည်တော် စသော အလားအလာရှိသည့် ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံးရေတင်စက်များဖြင့်ရေတင်ခြင်း၊ ရေသွင်းဖြန့်ဖြူးခြင်းနှင့်မြစ်ရေတင်လုပ်ငန်းများ၊ကုန်ထုတ်လမ်းများကို ပူးပေါင်းဆောင်ရွက်ရန်၊ | ဆန် စပါး စိုက် ပျိုးထုတ်လုပ်မှု အလား အလာ ကောင်းများရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေရောင်ခြည်စွမ်းအင်သုံးရေတင်ခြင်း၊ ရေသွင်း ဖြန့်ဖြူးခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ၊ ကုန်ထုတ်လမ်းများ အကောင်အထည်ဖော်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊<br>စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုး ထုတ်လုပ်သူများ အသင်း၊ |
| ၉။ | နိုင်ငံတော်၏ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် နွေစပါးအကျိုးတူလယ်ယာစီမံကိန်းဆောင်ရွက်ရာတွင် တောင်သူအမှန်တကယ်လိုအပ်သည့်သွင်းအားစုများထည့်သွင်းရန်၊စိုက်ပျိုးရေလုံလောက်စွာ ရရှိရေးအတွက် ဆည်ရေသောက်နှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများတွင် ရေအသုံးချသူများအဖွဲ့(Water User Group)၊ ရေအသုံးချသူများအသင်း(Water User Association)တို့က ပူးပေါင်းဆောင်ရွက်ရန်နှင့်နိုင်ငံတော်၏ရေနှင့်ပတ်သက်သောအခွန်အခများကို နိုင်ငံတော်က ပြန်လည်သုံးသပ်ပြီး သင့်တင့်သောနှုန်းထားဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန်၊ | ၉.၁။ ဆန် စပါး စိုက်ပျိုး သည့် တောင်သူများ လိုအပ်သည့် သွင်းအားစုများ ထည့်သွင်းနိုင်ရေး၊<br>၉.၂။ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး၊ ရေနှင့် ပတ်သက်သည့် အခွန်အခများ သင့်တင့်သော နှုန်းထားဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ (စီမံကိန်းရေးဆွဲရေး ဦးစီးဌာန) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီးဌာန) (ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | စပါး စိုက်ပျိုး ထုတ်လုပ်သူများ အသင်း၊ ရေအသုံးချသူများ အသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များ အသင်း၊ |
| ၁၀။ | ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအပါအဝင် သွင်းအားစုများ၏ ဈေးနှုန်းများကို တောင်သူများ အချိန်နှင့်တစ်ပြေးညီသိရှိစေရေး အသင်းအဖွဲ့များ၏ Digital Platform နှင့် လူမှုမီဒီယာမှ တစ်ဆင့်ဖော်ပြသွားရန်၊ | ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အပါအဝင် သွင်းအားစုများ၏ ဈေးနှုန်းများကို တောင်သူများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီးဌာန) | မြန် မာ နိုင် ငံ ဆန်စပါး အသင်း ချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုး ထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များ အသင်း၊ |
| ၁၁။ | တစ်နှစ် တန်ချိန် (၁၀၀၀၀) ထက်ပို၍ ဓာတ်မြေဩဇာတင်သွင်းသည့် ကုမ္ပဏီကြီးများအား သဘာဝမြေဩဇာ ထုတ်လုပ်မှုကို တင်သွင်းတန်ချိန်၏ (၅) ရာခိုင်နှုန်းအနည်းဆုံး ထုတ် | ဓာတ်မြေဩဇာတင်သွင်းသည့် ကုမ္ပဏီကြီးများအား သဘာဝမြေဩဇာ ထုတ်လုပ်နိုင်ရေး စီစဉ်ဆောင် ရွက်ရန်၊ | ၂ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက် ပျိုး ရေး ဦးစီး | သမ ဝါ ယ မ နှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ (သမဝါယမဦးစီး |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | လုပ်ရေးစီမံချက်ကို ရှေ့ပြေးအဖြစ် စမ်းသပ်ဖော်ဆောင်ရန်၊ | | | မှ ၃၁.၃.၂၀၂၆ အထိ) | | ဌာန)၊ | ဌာန)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုး ထုတ်လုပ်သူများ အသင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်း၊ |
| ၁၂။ | ရေတော်မိုးတော်နှင့်ဆည်ရေသောက် လယ်မြေများတွင် တစ်ကေပန်းတိုင် အထွက်နှုန်းရောက်ရှိစေရေးအတွက် အဆိုပါ စိုက်ဧရိယာများ၏ (၁၀) ရာခိုင်နှုန်းခန့်တွင် နှစ်စဉ် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ | ရေတော်မိုးတော် နှင့် ဆည်ရေသောက် လယ်မြေများတွင် တစ်ကေ ပန်းတိုင်အထွက်နှုန်းရောက်ရှိစေရေးအတွက် အဆိုပါ စိုက်ဧရိယာများ၏ (၁၀) ရာခိုင်နှုန်းခန့်ကို နှစ်စဉ် စနစ်တကျ စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက် ပျိုး ရေး ဦးစီးဌာန)၊ (ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံ ခန့်ခွဲရေး ဦးစီးဌာန)၊ | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ များ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများ အသင်း၊ |
| ၁၃။ | ဆန်စပါး စိုက်ပျိုး ထုတ်လုပ်မှု လုပ်ငန်းများအနက်မှ ဒီဂျစ်တယ်နည်းပညာ အသုံးပြု၍ ရနိုင်သည့်နယ်ပယ်များရွေးထုတ်ပြီးDigitalization, Smart Farming and Artificial | ဒီဂျစ်တယ် နည်းပညာ အသုံးပြု၍ Digitalization, Smart Farming and Artificial Intelligent (AI) and IoT for | ၃ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ | | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီး | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုး ထုတ် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | Intelligent (AI) and IoT for Agriculture များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | Agriculture များကို စီစဉ် ဆောင်ရွက်ရန်။ | | မှ ၃၁.၃.၂၀၂၈ အထိ) | | ဌာန)၊ | လုပ်သူများ အသင်း၊ မြန်မာနိုင်ငံလူငယ် ဆန်စပါးလုပ်ငန်း ရှင်များအသင်း၊ |
| ၁၄။ | လယ်မြေများကို ကောက်ကွက်၊ ဟက်တာကွက်များ ဖော်ဆောင်ရေးစနစ်တကျ စီမံချက်ရေးဆွဲရန်၊ | MOALI မှ ထုတ်ပြန်သော လမ်း ညွှန်ချက်များ နှင့် အညီ လယ် ယာစိုက်ပျိုးရေး အစီအစဉ်များ ရေးဆွဲရန်။ | ၃ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီး ဌာန) (စက်မှုလယ်ယာဦးစီး ဌာန) | မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန် စပါး စိုက်ပျိုး ထုတ် လုပ်သူများ အသင်း၊ |
| ၁၅။ | လယ်သမားအကျိုးစီးပွားပိုမိုဖြစ်ထွန်းစေရေးအ တွက်သီးနှံများကိုသီးထပ်သီးညှပ်များဖြင့်ပိုမို တိုးချဲ့စိုက်ပျိုးရန်၊ | MOALI မှ ထုတ်ပြန်သော လမ်း ညွှန်ချက်များနှင့်အညီ လယ် ယာစိုက်ပျိုးရေး အစီအစဉ်များ ရေး ဆွဲရန်။ | ၁ | ကာလ တို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီး ဌာန)၊ | မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန် စပါး စိုက်ပျိုး ထုတ် လုပ်သူများ အသင်း၊ |
| | **ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍ (၁၀) ချက်** | | | | | | |
| ၁၆။ | ဆန်စက်များအတွက် ''ကာလတိုရင်းနှီးလည် ပတ်ငွေ''အဆင်ပြေစေရေးအတွက် ချေးငွေ | ''ကာလတို ရင်းနှီးလည်ပတ် ငွေ''အဆင်ပြေစေရေးအတွက် | ၂ | ကာလ လတ် | | စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန၊ | စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်း |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | တစ်ရပ်စီစဉ်ပေးနိုင်ရေး ပူးပေါင်းညှိနှိုင်း စီစဉ်ရန်၊ | ဈေးငွေတစ်ရပ်စီစဉ်ပေးနိုင်ရေး ဆောင်ရွက်ရန်၊ | | (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | | ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာ့စီးပွားရေးဘဏ်၊ |
| ၁၇။ | ပုသိမ်ဆိပ်ကမ်း၊စစ်တွေဆိပ်ကမ်းနှင့်မော်လမြိုင်ဆိပ်ကမ်းတို့မှ ဆန်ပြည်ပ တင်ပို့မှုများကိုဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ဒေသများအနီးတဝိုက်ရှိ ဆန်စက်များ အဆင့်မြှင့်တင်ရေး၊ သိုလှောင်ရုံများတိုးချဲ့တည်ဆောက်ရေးကို နိုင်ငံတော်မှ အတိုးနှုန်းသက်သာသော ဈေးငွေ အစီအစဉ်တစ်ရပ် စီစဉ်ပေးရန်၊ | ၁၇.၁။ ရပ်ရွာအဆင့် အသေးစားသိုလှောင်ရုံနှင့်စပါး အခြောက်ခံသည့် အထောက်အပံ့ပစ္စည်း ကိရိယာ အဆောက်အအုံများကို တည်ဆောက်ရန်၊<br>၁၇.၂။ အထောက်အပံ့ပစ္စည်း ကိရိယာ အဆောက်အအုံများ စီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုအတွက် နည်းပညာဆိုင်ရာ သင်တန်းများ ပေးရန်နှင့် PPP နည်းလမ်းဖြင့် ဆောင်ရွက်ရန်၊ | ၂ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ (စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန)၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေး ရာ ဦးစီးဌာန)၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ |
| ၁၈။ | ဖွဲ့နုဆီ ထုတ်လုပ်မှုအတွက် ဆီကြမ်း၊ ဆီချောစက်ရုံများကို ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ | ဖွဲ့နုဆီ ထုတ်လုပ်မှုအတွက် ဆီကြမ်း၊ ဆီချောစက်ရုံများကို ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ | ၂ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ (ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၊ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စက်မှုဝန်ကြီး ဌာန၊ (စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ |
| ၁၉။ | စပါးခွံမှ လျှပ်စစ်ထုတ်သည့် Boiler Turbine | ဆန်စက်များတွင်တည်ဆော | ၂ | ကာလ | | စီမံကိန်းနှင့်ဘဏ္ဍာ | လျှပ်စစ်စွမ်းအား |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | Power Generation Unit များကို ဆန်စက်များတွင် တည်ဆောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လိုအပ်သည့်ကာလရှည်ချေးငွေ အပါအဝင် ညှိနှိုင်း ပံ့ပိုးပေးရမည့် ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန်၊ | က် ရင်းနှီး မြှုပ်နှံ နိုင်ရေး အတွက် လိုအပ်သည့် ကာလရှည် ချေး ငွေ အပါအဝင် ညှိနှိုင်းပံ့ပိုးပေး ရမည့် ကိစ္စရပ်များ ဆောင်ရွက်ရန်၊ | | ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | ရေးဝန်ကြီးဌာန၊ | ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ |
| ၂၀။ | ပေါင်းဆန်ထုတ်လုပ်မှု တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာမှဝယ်သူများနှင့် ကာလရှည် နားလည်မှုစာချွန်လွှာများရေးထိုးနိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် လိုအပ်သော ကာလရှည် ချေးငွေ အစီအစဉ်များကို ဖော်ဆောင်ပေးရန်၊ | ၂၀.၁။ ပေါင်းဆန် ထုတ်လုပ်မှု တိုးချဲ့ ဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်သေချာရန် နားလည်မှု စာချွန်လွှာ ရေးထိုး ဆောင်ရွက်ရန်၊<br>၂၀.၂။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် ကာလရှည် ချေးငွေ ရရှိရေးဆောင်ရွက်ရန်၊ | ၂ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (ကုန်သွယ်ရေးဦးစီးဌာန)၊ (မြန်မာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | မြန်မာနိုင်ငံ ဘဏ်များအသင်း၊ |
| ၂၁။ | ဆန်စပါးကဏ္ဍ ရေရှည် ဖွံ့ဖြိုး တိုးတက်ရေး အတွက် မပြစ်မနေလိုအပ်သည့် သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှုစနစ်(Warehouse Receipt Financing System) ထားရှိပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ရန်၊ | သိုလှောင်ရုံကုန်အပ် လက်မှတ် ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှုစနစ် (Warehouse Receipt Financing System) ကို စီစဉ် ဆောင် ရွက်ရန်၊ | ၂ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာ ရေးဝန်ကြီးဌာန၊ (မြန်မာ့စီးပွားရေး ဘဏ်) (မြန်မာ့အာမခံ လုပ်ငန်း) | စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေး လက်ဖွံ့ဖြိုးရေးဝန် ကြီးဌာန၊ စီးပွားရေးနှင့်ကူး သန်းရောင်းဝယ် ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ် များအသင်း၊ |
| ၂၂။ | ဆန်စက်အင်ဂျင်နီယာများ၊ ဆန်စက်ကိုင်တွယ် မောင်းနှင်သူများအတွက် မွမ်းမံသင်တန်းများ၊ ကျွမ်းကျင် ပညာရှင်များမှ ထပ်ဆင့်ဆင့်ပွား သင်တန်းများဖွင့်လှစ်ရန်နှင့် လူ့စွမ်းအား အရင်း အမြစ် ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို ပူး ပေါင်းဆောင်ရွက်ရန်၊ | ၂၂.၁။ ဆန်စက် အင်ဂျင်နီယာ များ၊ ဆန်စက်ကိုင်တွယ် မောင်း နှင်သူ များအတွက် မွမ်းမံသင် တန်းများ ဖွင့်လှစ်ရန်၊<br>၂၂.၂။ ကျွမ်းကျင်ပညာရှင်များမှ ထပ်ဆင့်ဆင့်ပွားသင်တန်းများ | ၁ | ကာလ တို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂ | | စက်မှုဝန်ကြီးဌာန၊ | စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူး သန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဖွင့်လှစ်ရန်၊ | | ၄ အထိ) | | | (စားသုံးသူရေး ရာဦးစီးဌာန)၊ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန် စက်လုပ်ငန်းရှင် များ အသင်း၊ |
| ၂၃။ | ဆန်စက်များအား E-commerce Platform တစ်ခုဖြင့် စနစ်တကျ မှတ်ပုံတင်ထားရှိနိုင်ရေးနှင့်ဆန်လက်လီ၊ လက်ကားရောင်းဝယ်သူများကို လုပ်ငန်း အရွယ်အစားနှင့် လုပ်ငန်း ပမာဏ အလိုက် မှတ်ပုံတင်ထားနိုင်ရေး ဦးဆောင်စီစဉ် ဆောင်ရွက်ရန်၊ | ဆန်စက်များအားE-commerce Platform တစ်ခုဖြင့် စနစ်တကျမှတ်ပုံတင်ထားရှိနိုင်ရေး နှင့် ဆန်လက်လီ၊ လက်ကား ရောင်းဝယ်သူများကိုလုပ်ငန်း အရွယ်အစားနှင့် လုပ်ငန်း ပမာဏအလိုက် မှတ်ပုံတင် ထားနိုင်ရေး စီစဉ်ဆောင်ရွက် ရန်၊ | ၂ | ကာလ လတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ | စီးပွားရေးနှင့် ကူး သန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ (စားသုံးသူရေး ရာဦးစီးဌာန)၊ မြန်မာနိုင်ငံဆန် စက်လုပ်ငန်းရှင် များအသင်း၊ မြန်မာနိုင်ငံဆန် စပါးကုန်သည် များအသင်း၊ |
| ၂၄။ | ဆန်စက်များအနေဖြင့် စားနပ်ရိက္ခာထုတ်လုပ် နေခြင်းဖြစ်သဖြင့် အရည်အသွေး၊ အနံ့အရသာ နှင့် အမြင်တင့်တယ် ကောင်းမွန်မှုကို အသား ပေး၍ အလေ့အကျင့်ကောင်းများဖြင့် ဆောင် | ISO, HACCP, GMP ဆိုင်ရာ စံချိန်စံညွှန်းများ ချမှတ်ရန်နှင့် HACCP,GMP လက်မှတ်ရရှိရေး အတွက် ပြည်တွင်း/ ပြည်ပရှိ | ၂ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ | | သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ | မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန် စက်လုပ်ငန်းရှင် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ရွက်ရန်၊ ISO, HACCP, GMP စသော နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်များရရှိရေး တွန်းအားပေးဆောင်ရွက်ရန်၊ | HACCP, GMP ဆိုင်ရာ အရည်အသွေး ထောက်ခံချက် လက်မှတ်ထုတ်ပေးသည့်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ | | မှ ၃၁.၃.၂၀၂၈ အထိ) | | | များအသင်း၊ |
| ၂၅။ | အသေးစား သိုလှောင်ရုံ၊ အခြောက်ခံစက်များကို အစုအဖွဲ့ပုံစံ၊ သမဝါယမပုံစံဖြင့် ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုများ လျော့နည်းစေရေး ဆောင်ရွက်ရန်၊ သိုလှောင်ရုံကုန် အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်နှင့် ပူးတွဲဆောင်ရွက်ရန်၊ | ၂၅.၁။ အသေးစား သိုလှောင်ရုံ၊ အခြောက်ခံစက်များကို ကျေးရွာ (၁၀၀) ခန့်တွင် အစုအဖွဲ့ပုံစံ၊ သမဝါယမပုံစံဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်၊<br>၂၅.၂။ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှု များလျော့နည်းစေရေးဆောင်ရွက်ရန်၊<br>၂၅.၃။ သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေး ထောက်ပံ့မှုစနစ်နှင့် ပူးတွဲဆောင်ရွက်ရန်၊ | ၃ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုး ထုတ်လုပ်သူများအသင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | **ပို့ကုန်မြှင့်တင်ရေးနှင့်ကုန်သွယ်မှုကဏ္ဍ (၁၈) ချက်** | | | | | | |
| ၂၆။ | ပို့ကုန်တင်ပို့မှုအတွက် ဇုန်များအလိုက် မျိုးသန့် (၁၀)မျိုးခန့်ဖြင့် စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့သည်အထိ ထုတ်လုပ်မှု ကွင်းဆက် (Supply Chain)၊ တန်ဖိုးကွင်းဆက်(Value Chain Mechanism)ကို စနစ်တကျ ဆောင်ရွက်ရန်၊ | ပို့ကုန်တင်ပို့မှုအတွက် ဇုန်များအလိုက်မျိုးသန့် (၁၀) မျိုးခန့်ဖြင့် စိုက်ပျိုး ထုတ်လုပ်သည်မှ တင်ပို့သည်အထိ ထုတ်လုပ်မှု ကွင်းဆက် (Supply Chain)၊ တန်ဖိုးကွင်းဆက် (Value Chain Mechanism)များကို ဆန်စပါး အထူးပြု ကုမ္ပဏီများ ပါဝင် အကောင်အထည် ဖော်နိုင်ရေး စီစဉ် ဆောင်ရွက်ရန်၊ | ၁ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စိုက် ပျိုး ရေး၊ မွေးမြူရေး နှင့် ဆည် မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေး ဦးစီးဌာန) စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီး ဌာန၊ (စားသုံးသူရေးရာ ဦးစီးဌာန)၊ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေး ဝန်ကြီး ဌာန၊ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ ဆန်စပါးအထူးပြု ကုမ္ပဏီများ၊ |
| ၂၇။ | ပြောင်းလဲနေသော ဆန်စပါးပို့ကုန်ဈေးကွက်နှင့်လိုက်လျောညီထွေဖြစ်မည့်အမျိုးသားပို့ကုန် မဟာဗျူဟာ(National Export Strategy)ကို ပြန်လည်ဆန်းစစ်သုံးသပ်၍ လုပ်ငန်းစီမံချက် (Plan of Actions - POA) များ ပြန်လည် ပြုစုပြီးအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ဆန်စပါးပို့ကုန် ဈေးကွက် နှင့် လိုက်လျောညီထွေ ဖြစ်မည့် အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy) ကို ပြန်လည်ဆန်းစစ် သုံးသပ်၍ လုပ်ငန်းစီမံချက် (Plan of Actions-POA)များ ပြန်လည် ပြုစုပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ | ၁ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၊ (မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့)၊ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ လူငယ် ဆန်စပါးလုပ်ငန်း ရှင်များအသင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂၈။ | အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဆန်စပါးကဏ္ဍ လုပ်ငန်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး အစည်းအဝေးများကို သုံးလတစ်ကြိမ် ကျင်းပသွားရန်၊ | အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဆန်စပါးကဏ္ဍလုပ်ငန်းအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြီး အစည်းအဝေးများကို သုံးလတစ်ကြိမ် ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီးဌာန)၊ | စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့) |
| ၂၉။ | ဆန်စပါး သယ်ယူပို့ဆောင်မှုလုပ်ငန်းများတွင် ရထားနှင့်ရေလမ်းကြောင်းများမှ ဦးစားပေး သယ်ယူ ပို့ဆောင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန်၊ | ဆန်စပါး သယ်ယူ ပို့ဆောင်မှုလုပ်ငန်းများတွင် ရထားနှင့်ရေလမ်းကြောင်းများမှ ဦးစားပေး သယ်ယူ ပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ရန်၊ | ၂ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ |
| ၃၀။ | ပို့ကုန်ချေးငွေ (Export Financing) ကို ကာလတိုသက်တမ်း (ရက်ပေါင်း ၉၀ အတွက်) လွယ်ကူ လျင်မြန်စွာ ရရှိနိုင်ရေး နိုင်ငံတော်မှ ကူညီအားပေး ဆောင်ရွက်ရန်၊ | ပို့ကုန်ချေးငွေ(Export Financing) ကို ကာလတိုသက်တမ်း (ရက် ပေါင်း ၉၀ အတွက်) လွယ်ကူ လျင်မြန်စွာ ရရှိနိုင်ရေး စီစဉ် ဆောင်ရွက်ရန်၊ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ (မြန်မာ့စီးပွားရေးဘဏ်) | မြန်မာနိုင်ငံ ဘဏ်များအသင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၁။ | ပုသိမ်၊ မော်လမြိုင်၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးစသော လူဦးရေ ထူထပ်သည့် မြို့များတွင် ကုန်စည်ဒိုင် လုပ်ငန်းများ ဖွံ့ဖြိုးရေးကို ဦးစားပေးပူးပေါင်းဆောင်ရွက်ရန်၊ | ပုသိမ်၊မော်လမြိုင်၊နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသော လူဦးရေ ထူထပ်သည့် မြို့များတွင် ကုန်စည်ဒိုင်လုပ်ငန်းများ ဖွံ့ဖြိုးရေး စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) | တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ သက်ဆိုင်ရာကုန်စည်ဒိုင်များ |
| ၃၂။ | ဆန်စပါးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရည်အသွေး စီမံခန့်ခွဲမှုနှင့် အရည်အသွေးကြီးကြပ်မှုကို ထိန်းကျောင်းသည့် အဖွဲ့အစည်းအဖြစ် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)အား တာဝန်ပေးအပ်ရန်၊ | ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေး စီမံခန့်ခွဲမှုနှင့် အရည်အသွေးကြီးကြပ်မှုကို ဖော်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) | မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၃။ | အနာဂတ်တွင် ပေါင်းဆန်၊ ဆန်မွှေးနှင့် ကောက်ညှင်းဆန်၊ တန်းမြင့်ဆန်များ တင်ပို့မှု ပမာဏကို စုစုပေါင်းတင်ပို့မှု၏ အနည်းဆုံး(၅၀) ရာခိုင်နှုန်း ရည်မှန်းချက်ထားရှိ၍ ကြိုးကြပ် ဆောင်ရွက်ရန်၊ | ပေါင်းဆန်၊ ဆန်မွှေး နှင့် ကောက်ညှင်းဆန်၊ တန်းမြင့်ဆန် များတင်ပို့မှုပမာဏကိုစုစုပေါင်း တင်ပို့မှု၏ အနည်းဆုံး (၅၀) ရာခိုင်နှုန်း ရည်မှန်းချက်ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ | ၂ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ | မြန်မာနိုင်ငံဆန် စပါးကုန်သည်များ အသင်း၊ |
| ၃၄။ | ပြည်တွင်းလက်လီ၊ လက်ကား ဆန်အရောင်း ဆိုင်များကို လုပ်ငန်းအရွယ်အစားနှင့် လုပ်ငန်း ပမာဏ (Commercial Size and Scale) အရ စနစ်တကျမှတ်ပုံတင်ထားရှိရန်၊ | ဆန်အရောင်းဆိုင်များကို လုပ်ငန်းအရွယ်အစားနှင့် လုပ်ငန်းပမာဏ(Commercial Size and Scale) အရ စနစ်တကျ မှတ်ပုံတင် ထားရှိရေး စီစဉ် ဆောင်ရွက်ရန်၊ | ၂ | ကာလ လတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၊ (စား သုံး သူ ရေး ရာ ဦးစီးဌာန) | မြန်မာ နိုင်ငံ ဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန် စပါးကုန်သည်များ အသင်း၊ မြန်မာနိုင်ငံဆန် စက်လုပ်ငန်းရှင် များ အသင်း၊ |
| ၃၅။ | ပို့ကုန်မြှင့်တင်ရေးအတွက် ပြည်ပသို့ ကိုယ်စား လှယ်အဖွဲ့များသွားရောက်နိုင်ရေးနှင့် ကုန်စည် ပြပွဲများတွင် ပါဝင်ပြသနိုင်ရေး ကူညီဆောင် ရွက်ရန်၊ | ပို့ကုန် မြှင့်တင်ရေး အတွက် ပြည်ပသို့ ကိုယ်စားလှယ်အဖွဲ့ များ သွားရောက်နိုင်ရေးနှင့် ကုန်စည်ပြပွဲများတွင် ပါဝင် ပြသနိုင်ရေး စီစဉ် ဆောင်ရွက် ရန်၊ | ၁ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၊ (မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့) | သက်ဆိုင်ရာသံရုံး များ၊ မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန် စပါးကုန်သည်များ အသင်း၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၆။ | B Grade (2,3,4) ဆန်ကွဲတင်ပို့မှု တိုးတက်ရေး အတွက် ပြည်တွင်း မွေးမြူရေးအစာ လိုအပ်ချက်ကို ချိန်ဆညှိနှိုင်း စီစဉ်ဆောင်ရွက်ရန်၊ | B Grade (2,3,4) ဆန်ကွဲ တင်ပို့မှု တိုးတက်ရေး အတွက် ပြည်တွင်း မွေးမြူရေးအစာလို အပ်ချက်ကိစ္စများကို ပို့ကုန် လုပ်ငန်းရှင်များ ချိန်ဆညှိနှိုင်း၍ စီစဉ်ဆောင်ရွက်ရန်၊ | ၂ | ကာလ ရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်၊ | ဆန်စပါးအထူးပြု ကုမ္ပဏီများ၊ မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ ချုပ်၊ မြန်မာနိုင်ငံဆန် စပါးကုန်သည်များ အသင်း၊ |
| ၃၇။ | ပြည်ပပို့ကုန်များအတွက် အပင်ပိုးမွှားရောဂါ ကင်းရှင်းခြင်းဆိုင်ရာ သက်သေခံလက်မှတ် (Phytosanitary Certificate) အပြင် ကျန်းမာရေးသန့်ရှင်းမှုဆိုင်ရာ သက်သေခံ လက်မှတ် (Sanitary Certificate) များ ထုတ်ပေးနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ပြည်ပပို့ကုန်များအတွက်အပင် ပိုးမွှား ရောဂါ ကင်းရှင်းခြင်း ဆိုင်ရာ သက်သေခံလက်မှတ် (Phytosanitary Certificate) အပြင် ကျန်းမာရေး သန့်ရှင်းမှု ဆိုင်ရာ သက်သေခံ လက်မှတ် (Sanitary Certificate)များ ထုတ်ပေးနိုင်ရေး အကောင် အထည်ဖော် စီစဉ်ဆောင်ရွက် ရန်၊ | ၂ | ကာလ လတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီး ဌာန)၊ | မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ ချုပ်၊ မြန်မာနိုင်ငံငါးလုပ် ငန်းအဖွဲ့ချုပ်၊ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၈။ | ပို့ကုန်လုပ်ငန်းရှင်များအတွက် အပင်ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်ကို အီလက် ထရောနစ်စနစ်ဖြင့် ထုတ်ပေးခြင်း (Electronic Phytosanitary Certificate) လုပ်ငန်းစဉ်များ လွယ်ကူ လျင်မြန် ချောမွေ့စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ပို့ကုန်လုပ်ငန်းရှင်များအတွက် အပင်ပိုးမွှားကင်းရှင်းကြောင်း သက်သေခံ လက်မှတ်ကို အီလက်ထရောနစ်စနစ်ဖြင့် ထုတ်ပေးခြင်း (Electronic Phytosanitary Certificate) လုပ်ငန်းစဉ်များ လွယ်ကူလျင်မြန် ချောမွေ့စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | ၁ | ကာလလတ် (၂-၃ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ) | | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ (စိုက်ပျိုးရေးဦးစီးဌာန)၊ | |
| ၃၉။ | ပြည်တွင်းဆန်စျေးနှုန်းတည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသများတွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး သင့်တော်သည့် ပမာဏတစ်ရပ်ကို အရန်ဆန်အဖြစ် နှစ်စဉ်ဝယ်ယူစုဆောင်းထားနိုင်ရေးဆောင်ရွက်ရန်၊ | ပြည်တွင်း ဆန်စျေးနှုန်း တည်ငြိမ်ရေးနှင့် အရန်ဆန်အဖြစ် နှစ်စဉ်ဝယ်ယူ စုဆောင်းထား နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ | ၁ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ |
| ၄၀။ | ဆန်စပါး ကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲထုတ်လုပ်ခြင်း၊ ပြည်တွင်း ဖြန့်ဖြူးခြင်းနှင့် ပြည်ပတင်ပို့ခြင်းကဏ္ဍ အသီးသီးအပေါ် ထိန်းကျောင်းကြပ်မတ်ခြင်း၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ အရည်အသွေး စစ် | ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင် ခြင်း၊ သိုလှောင်ခြင်း၊ ကြိတ်ခွဲ ထုတ်လုပ်ခြင်း၊ ပြည်တွင်း ဖြန့်ဖြူး ခြင်းနှင့် ပြည်ပတင်ပို့ခြင်း ကဏ္ဍ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂ | | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) | မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ |

| | | | | | | |
|---|---|---|---|---|---|---|
| | ဆေးခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ | အသီးသီးအပေါ် ထိန်းကျောင်းကြပ်မတ်ခြင်း၊ အရည်အသွေးစီမံခန့်ခွဲခြင်း၊ အရည်အသွေးစစ်ဆေးခြင်း လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်။ | | ၄ အထိ) | | | |
| ၄၁။ | ဆန်စပါးဖူလုံရေး၊ အရည်အသွေး ထိန်းသိမ်းရေး၊ ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရေး၊ ပြည်တွင်း ရောင်းဝယ်မှုစနစ်ကျမှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆန်စပါဥပဒေ (သို့မဟုတ်) ကောက်ပဲသီးနှံဥပဒေတစ်ရပ်ရေးဆွဲ ပြဋ္ဌာန်းသွားရန်နှင့် ဥပဒေရေးဆွဲရေးဆောင်ရွက်ရန်၊ | ဆန်စပါး ဖူလုံရေး၊ အရည်အသွေး ထိန်းသိမ်းရေး၊ ပြည်တွင်း စားနပ်ရိက္ခာ ဖူလုံရေး၊ ပြည်တွင်းရောင်းဝယ်မှု စနစ်ကျ မှန်ကန်စေရေးနှင့် ပြည်ပတင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆန်စပါး ဥပဒေ (သို့မဟုတ်) ကောက်ပဲသီးနှံ ဥပဒေတစ်ရပ် ရေးဆွဲ ပြဋ္ဌာန်းသွားရန်နှင့် ဥပဒေရေးဆွဲရေး အတွက် စီစဉ်ဆောင်ရွက်ရန်။ | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ) | | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန) | |
| ၄၂။ | "မြန်မာ့ဆန်စပါး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (Central Committee for Development of the Myanmar Rice Industry – CCDMRI)" ကို ဖွဲ့စည်းနိုင်ရေး | "မြန်မာ့ဆန်စပါးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး ဗဟိုကော်မတီ (Central Committee for | ၁ | ကာလတို (၁ နှစ်၊ ၁.၄.၂၀၂၃ | | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦး | သက် ဆိုင် သည့် အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော် |

| | | | | | | | |
|---|---|---|---|---|---|---|---|
| | ဆောင်ရွက်ရန်၊ | Development of the Myanmar Rice Industry – CCDMRI)” ကို ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်ရန်။ | | မှ ၃၁.၃.၂၀၂၄ အထိ) | | စီးဌာန) | ကောင်စီ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရ အဖွဲ့များ၊ မြန်မာနိုင်ငံ ဆန်စပါး အသင်း ချုပ်၊ |
| ၄၃။ | စပါး/ဆန်ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းစဉ်များတွင် နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် နည်းစနစ်များနှင့် လိုက်လျောညီထွေရှိစေရေးအတွက် (နို့ဆီဘူး၊ ပြည်၊ တင်း) အစရှိသည့် ထုထည်ကိုအခြေခံသည့် အချိန်အတွယ်ယူနစ်များအစား (ကီလိုဂရမ်၊ မက်ထရစ်တန်) ယူနစ်များကို ပြောင်းလဲကျင့်သုံးနိုင်ရေး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားရန်၊ | နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် နည်းစနစ်များနှင့် လိုက်လျော ညီထွေရှိစေရေးအတွက် (နို့ဆီဘူး၊ ပြည်၊တင်း) အစရှိသည့် ထုထည်ကို အခြေခံသည့် အချိန်အတွယ်ယူနစ်များ အစား (ကီလိုဂရမ်၊ မက်ထရစ် တန်) ယူနစ်များကို ပြောင်းလဲ ကျင့်သုံးနိုင်ရေး စီစဉ်ဆောင်ရွက် ရန်၊ | ၁ | ကာလရှည် (၅ နှစ်၊ ၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ) | | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ (စားသုံးသူရေးရာဦးစီးဌာန)၊ | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ (သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန) မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ |

FootNote

၁။ ကာလတို-(၁နှစ်အတွင်း) (၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄ အထိ)၊ ကာလလတ်-(၂ နှစ်မှ ၃နှစ်အတွင်း) (၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၆ အထိ)၊ ကာလရှည်-(၃ နှစ်မှ ၅နှစ်အတွင်း) (၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၈ အထိ)၊

၂။ စာတိုင် ၆ ပါ ခန့်မှန်းကုန်ကျစရိတ်ဆိုသည်မှာ နိုင်ငံတော်ဘဏ္ဍာဖြင့် ဆောင်ရွက်ခြင်း၊ ပြည်ပလှူဒါန်းငွေဖြင့် ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကထည့်ဝင်မှုဖြင့် ဆောင်ရွက်ခြင်းဟူ၍ ခွဲခြားဖော်ပြရန်ဖြစ်ပါသည်။

၃။ ယခု Action Plan သည် ၅ နှစ်တာကာလ (၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အထိ) အတွက် ပြုစုရေးဆွဲထားခြင်းဖြစ်ပါမည်။ အချို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များသည် ၅ နှစ်တာကာလအတွင်းတွင် မပြီးဘဲ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်နေ၍ သတ်မှတ်ကာလပြီးဆုံးသွားသည့်အချိန်တွင် ပြန်လည်စိစစ်ဖော်ထုတ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။